## Message 6

# ကျွန်ုပ်တို့၏အသက်နှင့် လူသစ်၏အစိတ်အပိုင်းဖြစ်သော အရာအားလုံးပါဝင်၍ ကြီးမားကျယ်ပြန့်သော ခရစ်တော်ကို သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်း

# Knowing and Experiencing the All-inclusive, Extensive Christ as Our Life and as the Constituent of the New Man

ဖတ်ရန်ကျမ်း။ ။ကော၊၃း၁–၄၊၁၅–၁၇။

**I. ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်၍ ကြီးမားကျယ်ပြန့်သော ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်အဖြစ် သိကျွမ်းရန်နှင့် တွေ့ကြုံခံစားရန် လိုအပ်သည်။**

က။ ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်အဖြစ် တွေ့ကြုံခံစားရန်အလို့ငှာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အနေအထားတစ်ခု၊ အသက်တစ်ခု၊ အသက်ရှင်ခြင်းတစ်ခုနှင့် ဘုန်းတော်တစ်ခုတည်းရှိကြောင်းကို မြင်ရန်လိုအပ်သည်–ကော၊၃း၁–၄။ညွှန်း၊ ၁ကော၊၆း၁၇။

၁။ ကျွန်ုပ်တို့၏ အနေအထားသည် ခရစ်တော်၌ ရှိခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ရှိသောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ရှိသောနေရာတွင် ရှိသည်။ ဘုရားသခင်၏ လက်ယာတော်၌ ထိုင်နေသည်–ကော၊၃း၁။ယော၊၁၄း၂၀။၁၇း၂၄။ ဧ၊၂း၆။

(က) သားတော်၏ အနေအထားသည် ခမည်းတော်၌ဖြစ်သည်(ယော၊၁၀း၃၈။၁၄း၁၀)။ ကျွန်ုပ်တို့သည် သားတော်၌ ရှိကြသည်(၁ ကော၊၁း၃၀က)၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ခမည်းတော်၌ ရှိကြသည်(ယော၊၁၄း၂၀။၁သက်၊၁း၁။ ၂သက်၊ ၁း၁)။

(ခ) ကျွန်ုပ်တို့သည် ဝိညာဉ်၌ရှိသောအခါမှသာလျှင်၊ ကျွန်ုပ်တို့သည် ခရစ်တော်၌၊ ခမည်းတော်၌၊ ကောင်းကင်ဆိုင်ရာ၌ လက်တွေ့ကျကျနှင့် အခြေခံကျကျ ရှိနေခြင်းဖြစ်သည်(ညွှန်း၊ ယော၊၁၄း၂၀)။

(၁) ကျွန်ုပ်တို့၏ ဝိညာဉ်၌ရှိသည့် အရာအားလုံးပါဝင်သောဝိညာဉ်တော်အားဖြင့် ကောင်းကင်ရှိခရစ်တော်ထံမှ မြေကြီးပေါ်ရှိ ကျွန်ုပ်တို့ထံသို့ ပို့လွှတ်ဖြန့်ဖြူးခြင်း ဖြစ်ပေါ်သည်–ဧ၊၁း၁၉၊ ၂၂–၂၃။ ၂း၂၂။

(၂) ကောင်းကင်၌ ပလ္လင်တော်ပေါ်တွင် ထိုင်နေပြီးခရစ်တော်သည်(ရော၊၈း၃၄)၊ ယခုကျွန်ုပ်တို့၌ရှိ(အငယ်၊ ၁၀)၊ ယင်းမှာ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်သည်(ဧ၊၂း၂၂)ကျွန်ုပ်တို့၏ ဝိညာဉ်၌ ရှိနေသည်(၂တိ၊၄း၂၂)။

(၃) ယနေ့ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်သောကြောင့်၊ ၎င်းသည် ယခု ကျွန်ုပ်တို့ကို ကောင်းကင်သို့ ဆက်သွယ်ပေး၍၊ ကျွန်ုပ်တို့ထံသို့ကောင်းကင်ကို ဆက်သွယ်ပေးသည့် လှေကားထစ်ဖြစ်သည့် ခရစ်တော်ရှိသောနေရာ ကောင်းကင်၏ ဂိတ်ပေါက်ဖြစ်သည် – အငယ်၊၂၂။က၊၂၈း၁၂–၁၇။ယော၊၁း၅၁။

(၄) ကျွန်ုပ်တို့သည် မိမိတို့၏ ဝိညာဉ်ထံ လှည့်ပြန်လာသည့်အချိန်တိုင်း ကျွန်ုပ်တို့သည် ကောင်းကင် ဂိတ်ပေါက်မှ တစ်ဆင့် ဝင်ရောက်၍၊ ကောင်းကင်လှေကားတည်းဟူသော ခရစ်တော်မှတစ်ဆင့် ကောင်းကင်ရှိ ကျေးဇူးတော်၏ ပလ္လင်ကို ထိတွေ့နိုင်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဘုရားဆိုင်ရာ ပို့လွှတ်ဖြန့်ဖြူးခြင်းကို လက်ခံသောအဆုံး နေရာဖြစ်၍၊ ဘုရားသခင်၏ ပလ္လင်သည် ပို့လွှတ်ဖြန့်ဖြူးခြင်း အဆုံးနေရာဖြစ်သည်–ဟေဗြဲ၊၄း၁၆။

၂။ ဘုရားသခင်၏ အသက်သည်၊ ခရစ်တော်၏ အသက်ဖြစ်ပြီး၊ ခရစ်တော်၏ အသက်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်လာသည်– ကော၃း၄။ယော၊၅း၂၆။

(က) ခရစ်တော်သည် ကျွန်ုပ်တို့အသက်ဖြစ်ရန်ဆိုသည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့ အဆုံးစွန်သောအတွင်းကျသည်ဟု ဆိုလိုခြင်း ဖြစ်သည် – ၁း၄။၁၄း၆က။၁၀း၁၀ခ။ ၁ကော၊၁၅း၄၅ခ။ ရော၊၈း၁၀၊၆၊၁၁။

(ခ) လူတစ်ဦးကို ထိုလူ၏ အသက်မှ ခွဲခြားရန်မဖြစ်နိုင်ပေ။ လူတစ်ဦး၏ အသက်သည် ထိုပုဂ္ဂိုလ်ကိုယ်တိုင် ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်သည်ဟု ဆိုခြင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်လာ၍၊ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်နှင့် အသက်တစ်ခု၊ အသက်ရှင်ခြင်း တစ်ခုတည်းရှိသည်ကို ဆိုလိုသည်–ယော၊၁၄း၆က။ဖိ၊၁း၂၁က။

(ဂ) ခရစ်တော်သည် ယုံကြည်သူများ၏ အသက်အဖြစ် သွင်ပြင်လက္ခဏာ သုံးခုရှိသည်။ ယင်းမှာ ၎င်းကို ဇာတိအသက်မှ ခွဲခြားနိုင်ဖြစ်သည်။

(၁) ဤအသက်သည် အသေသတ်ခြင်းခံသောအသက်ဖြစ်သည်–ဂ၊၂း၂၀။

(၂) ဤအသက်သည် ရှင်ပြန်ထမြောက်သောအသက်ဖြစ်သည်–ယော၊၁၁း၂၅။

(၃) ဤအသက်သည် ဘုရားသခင်၌ ဝှက်ထားသောအသက်ဖြစ်သည်–ကော၊၃း၃–၄။မ၊၆း၁–၆၊၁၆–၁၈။

၃။ အထက်အရာများကို ရှာဖွေရန်၊ ၎င်းအပေါ် ကျွန်ုပ်တို့၏ အသိဉာဏ်ကို ထားရှိရန်မှာ ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၊ ကိုယ်တော်၏ ဘုရားဆိုင်ရာစီမံကိန်း၌ သခင်ဘုရားထံသို့ ကျွန်ုပ်တို့ကို ဆက်သွယ်ရန်ဖြစ်သည်။ ဤသည်မှာ ခရစ်တော်ကို အသက်ရှင်ရန်ဖြစ်သည်။ ခရစ်တော်၏ အသက်ရှင်ခြင်းနှင့်တစ်လုံးတစ်ဝဖြစ်သည့် အသက်ရှင်ခြင်းရှိရန်ဖြစ်သည်–ကော၊၃း၁–၂။

(က) ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ယနေ့ ခရစ်တော်သည် အသင်းတော်အတွက် ကြားခံတောင်းလျှောက်ရန် အမြင့်ဆုံးသောယဇ်ပုရောဟိတ်အဖြစ် အသက်ရှင်ခြင်းဖြစ်သည်–ဟေဗြဲ၊ဂ်း၁။၄း၁၄။၇း၂၅။၄း၁၆။ကော၊၄း၂။

(ခ) ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ယနေ့ ခရစ်တော်သည် ခရစ်တော်၏ ကြွယ်ဝခြင်းများဖြင့် သန့်ရှင်းသူများကို ထောက်ပံ့မစရန် ကောင်းကင်ဆိုင်ရာအမှုဆောင်သူအဖြစ် အသက်ရှင်ခြင်းဖြစ်သည်–ဟေဗြဲ၊ဂ်း၁–၂။ ၁၀း၃း၈။

(ဂ) ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ယနေ့ ခရစ်တော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြီးမြောက်ပြည့်စုံစေရန်အတွက် ဘုရားသခင်၏ အုပ်စိုးခြင်း၏ စကြဝဠာဆိုင်ရာ စီမံခန့်ခွဲသူအဖြစ် အသက်ရှင်ခြင်းဖြစ်သည်–ဗျာ၊ ၄း၁–၂၊၅။၅း၆။၁၀း၁၀–၁၁။

(၁) ကောင်းကင်ဆိုင်ရာ၌ ပလ္လင်တော်မှ ဘုရားဆိုင်ရာပို့လွှတ်ဖြန့်ဖြူးခြင်းသည် ဒေသန္တရအသင်းတော်များထံသို့ အထက်အရာများကို ယူဆောင်လာခြင်းဖြစ်သည်–အငယ်၊၁၈၊၂၂–၂၃။

(၂) ဗျာဒိတ်ကျမ်း ၄ နှင့် ၅၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ "ဗဟိုအစိုးရ"၏ ရုပ်ပုံကို မြင်ရသည်။ ဗျာဒိတ်ကျမ်း ၁မှ ၃၌ "သံရုံးများ"အဖြစ် ဒေသန္တရအသင်းတော်များ၏ ရုပ်ပုံကို မြင်ရသည်။ ကောင်းကင်ဆိုင်ရာ "ဗဟိုဌာန"၏ အရာကို ဝိညာဉ်တော်ခုနစ်ပါးမှတစ်ဆင့် "သံရုံးများ"ဖြစ်သော အသင်းတော်များထံသို့ ပို့လွှတ်ဖြန့်ဖြူးပေးခဲ့သည်။

(၃) ဒေသန္တရအသင်းတော်များ၌ဖြစ်သောအရာသည် ကောင်းကင်၌ ရှိသော ဘုရားသခင်ပလ္လင်တော်၏ လမ်းညွှန်မှုအောက်၌ ရှိရမည်။ *သခင်ဘုရား၏ပြန်လည်ရယူခြင်းကို ပြန်လည်ရယူဖို့အလို့ငှာ၊* ၎င်းသည် ကိုယ်တော်၏ လမ်းညွှန်ရာ အောက်တွင်ရှိရမည်–ကော၊၁း၁၈။ ၂း၁၉။ ဗျာ၊၄း ၂–၃။

၄။ ကျွန်ုပ်တို့၏ လမ်းဆုံးပန်းတိုင်သည် ဘုန်းတော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ဘုန်းတော်၌ ထင်ရှားရန် ခရစ်တော်သည် ကျွန်ုပ်တို့ကို ဘုန်းတော်သို့ ဦးဆောင်ပေးသည် –ဟေဗြဲ၊၂း၁၀။ကော၊၃း၄။

ခ။ ကျွန်ုပ်တို့၏ အသက်သည် ကျွန်ုပ်တို့အတွင်း၌ ကိန်းဝပ်နေသော ခရစ်တော်ဖြစ်သည်။ ဤအသက်သည် ဘုရားသခင်၌ ခရစ်တော်တွင် ဝှက်ထားသည်။ ဘုရားသခင်၌ ဝှက်ထားသောခရစ်တော်သည် ရွှေအိုး၌ ဝှက်ထားသော မန္နအားဖြင့် ပုံဆောင်ထားသည်–အငယ်၊၃–၄။ထွ၊၁၆း၃၂–၃၄။ဗျာ၊၂း၁၇။

၁။ ဝှက်ထားသော မန္နမုန့်ဖြစ်သောခရစ်တော်သည် ရွှေအိုးဖြစ်သော ခမည်းတော်ဘုရားသခင်၌ ရှိသည်။ ခမည်းတော်သည် သခင် ဘုရား၏ ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာသဘောသဘာဝနှစ်ခုဖြင့် ပဋိညာဉ်ဖြစ်သော ခရစ်တော်၌ ရှိသည်။ ကိန်းဝပ်နေသော ဝိညာဉ်တော်ဖြစ်သော ခရစ်တော်သည် အသန့်ရှင်းဆုံးဌာန၏ စစ်မှန်ခြင်းဖြစ်လာရန် ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားပေးသော ဝိညာဉ်၌ အသက်ရှင်နေသည်–ညွှန်း၊ယော၊၁၄း၁၆– ၂၀။ ၂တိ၊၄း ၂၂။

၂။ ကျွန်ုပ်တို့သည် ဝှက်ထားသော မန္နမုန့်ဖြစ်သောခရစ်တော်ကို စားသောအခါ ကျွန်ုပ်တို့သည် ဘုရားနှင့် လူ အပြန်အလှန်နေထိုင်ရာအိမ်အတွက် ကိုယ်တော်ထံသို့ ပေါင်းစည်းခဲ့ကြသည်–ယော၊၁၅း၅၊၇၊ဂ်း၃၁။၆း၅၇၊၆၃။၁၄း၂၃။

ဂ။ ထိုခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်သည်ဆိုခြင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို အသက်အဖြစ် ယူဆောင်ကာ ကိုယ်တော်အားဖြင့် အသက်ရှင်သည်ကို ခိုင်မာသောညွှန်ပြချက်ဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့သည် မိမိတို့၏ နေ့စဉ်အသက်တာ၌ ကိုယ်တော်ကို အသက်ရှင်ရန်ဖြစ်သည်–ကော၊၃း၄က။

၁။ ခရစ်တော်သည် လက်တွေ့ကျကျ၊ အခြေခံကျကျနည်းလမ်း၌ ကျွန်ုပ်တို့၏ အသက်ဖြစ်ရမည်။ တစ်နေ့ပြီး တစ်နေ့ ကျွန်ုပ်တို့သည် သူ၏ အသက်၌ ကယ်တင်ခံရန်လိုအပ်သည်–အငယ်၊၄။၁ကော၊၁၅း၄၅ခ။ရော၊၅း၁၀။

၂။ လူသစ်သည် ကျွန်ုပ်တို့၏ အသက်နှင့် ကိုယ်တော်ကိုအသက်ရှင်ခြင်းအဖြစ် ခရစ်တော်ကို ကျွန်ုပ်တို့ယူဆောင်ခြင်းမှ အလိုအလျောက် ထွက်ပေါ် လာခြင်းဖြစ်သည်–ကော၊၃း၃–၄၊၁၀–၁၁။

## II. ကျွန်ုပ်တို့သည် လူသစ်၏ အစိတ်အပိုင်းဖြစ်သော အရာအားလုံးပါဝင်၍ ကြီးမားကျယ်ပြန့်သော ခရစ်တော်ကို သိရန်နှင့် တွေ့ကြုံခံစားရန် လိုအပ်သည်။

က။ လူသစ်၌ ခရစ်တော်အတွက်သာ အခန်းရှိသည်။ ကိုယ်တော်သည် လူသစ်၏ အင်္ဂါဝင်များအားလုံးနှင့် အင်္ဂါဝင်များအားလုံး၌ ရှိသည်။ ကိုယ်တော်သည် လူသစ်၌အရာခပ်သိမ်းဖြစ်သည်–အငယ်၊၁၀–၁၁။

ခ။ လူသစ်၌ ခရစ်တော်သည် အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာ ဖြစ်သည်၊ ကိုယ်တော်သည် လူသစ်၏ အစိတ်အပိုင်းဖြစ်ပြီး ကိုယ်တော်သည် လူသစ်ရှိ အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏ ။

ဂ။ အကယ်၍ ကျွန်ုပ်တို့သည် လူသစ်၏ အစိတ်အပိုင်းအဖြစ် ခရစ်တော်ကို အသက်ရှင်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ငြိမ်သက်ခြင်းအားဖြင့် အုပ်စိုးခံရန် လိုအပ်ပြီး(အငယ်၊၁၂–၁၅)၊ ခရစ်တော်၏ စကားအားဖြင့် တည်နေခြင်းဖြစ်သည် (အငယ်၊ ၁၆–၁၇)။

၁။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ အုပ်စိုးနေသော ခရစ်တော်၏ ငြိမ်သက်ခြင်းကို ခွင့်ပြုပေးရန်လိုအပ်သည်– အငယ်၊၁၂–၁၅။ဧ၊၂း၁၄–၁၈။ရော၊၅း၁။မ၊၁၈း၂၁–၃၅။

(က) *အုပ်စိုးစေ* ဟူသော ဂရိစကားလုံးမှာ ''ဒိုင်လူကြီးအဖြစ် စီရင်ဆောင်ရွက်သူ'' သို့မဟုတ် ''အရာအားလုံးကို ဆုံးဖြတ်သူအဖြစ်နှင့် အုပ်စိုးသူအဖြစ် အုပ်စိုးခံခြင်းဖြစ်သည်''။ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ အုပ်စိုးနေသော ခရစ်တော်၏ ငြိမ်သက်ခြင်းသည် တစ်စုံတစ်ယောက်၌ အပြစ်တင်စရာအခွင့်ကို ပျောက်ကွယ်စေသည်–ကော၊၃း၁၃။

(ခ) မကြာခဏ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွင်း၌ အဖွဲ့သုံးဖွဲ့ရှိသည်ကို သတိထားမိကြသည်။ ကောင်းသောအဖွဲ့၊ မကောင်းသောအဖွဲ့နှင့် ကြားနေအဖွဲ့တို့ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွင်းအငြင်းပွားနေခြင်းကို ကျေးအေးစေရန် အတွင်းပိုင်းဆိုင်ရာ အုပ်စိုးခြင်းကို လိုအပ်သည်။

(၁) ကျွန်ုပ်တို့၏ ဖြစ်ခြင်းအတွင်း၌ မတူညီသော အဖွဲ့တို့သည် ငြင်းခုံခြင်း သို့မဟုတ် ခိုက်ရန်ဖြစ်နေသည်ကို သိမြင်လာသည့်အချိန်တိုင်း၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ငြိမ်သက်ခြင်းကို နေရာကိုပေး၍၊ ဤငြိမ်သက်ခြင်းကို အခွင့်ပေးရမည်။ ၎င်းမှာ လူသစ်တစ်ဦး၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို ကျွန်ုပ်တို့အတွင်း၌ အုပ်စိုးရန်နှင့် နောက်ဆုံး သောစကားဆိုရန် ဖြစ်သည်

(၂) ကျွန်ုပ်တို့သည် မိမိတို့၏ ထင်မြင်ချက်၊ အယူအဆကို ဘေးဖယ်ထားပြီး၊ ကိန်းဝပ်နေသောထောက်ခံသူ၏ စကားကို နားထောင်ရမည်။

(ဂ) အကယ်၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ အုပ်စိုးနေသော ခရစ်တော်၏ ငြိမ်သက်ခြင်းကို ခွင့်ပြုမည်ဆိုပါက ဤငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့အကြား အရာအားလုံး အငြင်းပွားဖွယ်အားလုံးကို ငြိမ်းစေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ ထောင့်မှန်ကျစွာနှင့် သန့်ရှင်းသူများနှင့်အတူ အလျားလိုက်ကျစွာ ငြိမ်သက်ခြင်းရှိမည် ဖြစ် သည်။

(၁) ကျွန်ုပ်တို့၏ စိတ်နှလုံး၌ အုပ်စိုးနေသော ခရစ်တော်၏ ငြိမ်သက်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့၏ ပြဿနာများကို ဖြေရှင်းခဲ့၍ သန့်ရှင်းသူများအကြား သဘောထားကွဲလွဲမှုများသည် ပျောက်ကွယ်သွားသည်။ ထို့နောက် အသင်းတော်အသက်တာသည် ချိုမြိန်ခြင်း၌ စောင့်ထိန်းခြင်းခံရကာ၊ လူသစ်သည် လက်တွေ့ကျနည်းလမ်း၌ တည်မြဲနေမည် ဖြစ်သည်။

(၂) ကျွန်ုပ်တို့၏ စိတ်နှလုံး၌ အုပ်စိုးနေသော ခရစ်တော်၏ ငြိမ်သက်ခြင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့အပေါ် သခင်ဘုရား၏ အုပ်စိုးခြင်းကို လေ့ကျင့်ရန်၊ နောက်ဆုံးသောစကားကို ပြောရန်နှင့် အဆုံးသတ်မည့် ဆုံးဖြတ်ချက်ကို ပြုလုပ်ရန် ကျွန်ုပ်တို့အတွင်း၌ အလုပ်လုပ်နေသည်–အညွှန်း၊ ဟေရှာ၊၉း၆–၇။

(၃) ကျွန်ုပ်တို့သည် ခရစ်တော်၏ ငြိမ်သက်ခြင်းကို ဆုံးဖြတ်နိုင်သည့် အုပ်စိုးခြင်းအောက်တွင် နေထိုင်မည်ဆိုပါက ကျွန်ုပ်တို့သည် အခြားသူများကို အနှောင့်အယှက်မဖြစ်စေသကဲ့သို့ သို့မဟုတ် သူတို့ကို ဖျက်ဆီးစေလိမ့်မည် မဟုတ်ပေ။ ထိုအစား သခင်ဘုရား၏ ကျေးဇူးတော်နှင့် ကိုယ်တော်၏ ငြိမ်သက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အခြားသူများထံသို့ အသက်ကို အမှုဆောင်ပေးလိမ့်မည်ဖြစ်သည်။

(၄) ဤငြိမ်သက်ခြင်းသည် ယုံကြည်သူများအားလုံးကို အတူတကွ ချည်နှောင်သင့်ပြီး၊ သူတို့၏ ပေါင်းစည်းချည်နှောင်ခြင်း ဖြစ်လာမည်–ဧ၊၄း၃။

၂။ အကယ်၍ ကျွန်ုပ်တို့သည် လူသစ်၏ ပါဝင်သောအစိတ်အပိုင်းအဖြစ် ခရစ်တော်ကိုအသက်ရှင်လိမ့်မည်ဆိုလျှင် ခရစ်တော်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အထဲတွင် ကြွယ်ဝစွာတည်စေရန် လိုအပ်သည်–ကော၊၃း၁၆–၁၇။

(က)ခရစ်တော်၏ ငြိမ်သက်ခြင်း ကျွန်ုပ်တို့၌ အုပ်စိုး၍၊ ကျွန်ုပ်တို့အား တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် ညီညွတ်ခြင်းအခြေအနေ၌ စောင့်ထိန်း ပေးသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကားပြောသောနေရာ၊ ကိုယ်တော်၏ ဗျာဒိတ် တော်ဖြစ်လာသည်–အငယ်၊၁၅–၁၆။ဗျာ၊၂း၁၇။

(၁) ဘုရားသခင်၏ စကားပြောခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လိုအပ်သည်။ ကွဲပြားခြင်းသည် ဘုရားသခင်၏ စကားပြောခြင်းနည်းပါးလာခြင်းကို ဖြစ်စေ၍၊ လုံးလုံး ရပ်တန့်စေသည်–ဝတ်၊၁း၁။

(၂) တစ်လုံးတစ်ဝဖြစ်ခြင်းသည် ဘုရားသခင်၏ စကားပြောခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် အုပ်စိုးနေသော ခရစ်တော်၏ ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့၏ စိတ်နှလုံး၌ အစိုးရစေရန် လိုအပ်သည်– ကော၊၃း၁၅။

(၃) ခရစ်တော်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အထဲတွင် ကြွယ်ဝစွာတည်နေခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးကို ပျော်ဝင်ပြည့်ဝရန်နှင့် စိမ့်ဝင်ပျံ့နှံ့ရန် ကျွန်ုပ်တို့ထဲ၌ လုံလောက်သောအခန်းရှိသည်။ ခရစ်တော်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာစေရန်၊ ကျွန်ုပ်တို့၌ ကိန်းဝပ်ရန်၊ ကျွန်ုပ်တို့ကို လွှမ်းမိုးရန်နှင့် ကျွန်ုပ်တို့၏ ထင်မြင်ချက်၊ ယူဆချက်နှင့် အတွေးအခေါ် များကို အစားထိုးစေခြင်းမှာ အရေးကြီးသည်–ဆာ၊ ၁၁၉း၁၃၀။ ညွှန်း၊ ဗျာ၊ ၂၁း ၂၃။ ၂၂း၅။

(ခ) ကျွန်ုပ်တို့၌ သခင်ဘုရား၏ နှုတ်တော်ကို ပထမနေရာရှိရန် အခွင့်ပေးရန်လိုအပ်သည်၊ သို့မှ ကျွန်ုပ်တို့အတွင်း၌ ပြုပြင်လုပ်ဆောင်နေသော ဘုရားသခင်နှုတ်တော်၏ လုပ်ဆောင်ချက်များ၊ ကျွန်ုပ်တို့ ဖြစ်ခြင်းထဲသို့ ခရစ်တော်၏ ကြွယ်ဝခြင်းများ၏ အမှုဆောင်ပေးခြင်းကို တွေ့ကြုံခံစားနိုင်မည် ဖြစ်သည်–ကော၊ ၃း၁၆။

(၁) ဘုရားသခင်၏ နှုတ်တော်သည် အလင်းဖွင့်ပြခြင်း(ဆာ၊ ၁၁၉း၁၀၅၊ ၁၃၀)နှင့် အာဟာရ(မ၊ ၄း၄။ ၁တိ၊ ၄း၆) ဖြစ်စေ၍၊ ကျွန်ုပ်တို့၏ ဆာငတ်မှုကို ပြေပျောက်စေရန် ရေဖြစ်လာသည်(ဟေရှာ၊ ၅၅း၁၊ ၈–၁၁)။

(၂) ဘုရားသခင်၏ နှုတ်တော်သည် သန့်စွမ်းစေ၍(၁ယော၊ ၂း၁၄ခ။ သု၊ ၄း ၂၀–၂၂) ဆေးကြောပေးကာ(ဧ၊ ၅း ၂၆) ကျွန်ုပ်တို့ကို တည်ဆောက်ပေးသည်(တ၊ ၂၀း၃၂)။

(၃) ဘုရားသခင်၏ နှုတ်တော်သည် ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေခြင်းအားဖြင့် ကျွန်ုပ်တို့ကို ပြည့်ဝပြည့်စုံစေ၍ (၂တိ၊ ၃း၁၅–၁၇) အကျင့်စာရိတ္တကို မြှင့်တင်ပေးသည်(ယော၊ ၁၇း၁၇)။

(ဂ) ကျွန်ုပ်တို့၌ ကိန်းဝပ်နေထိုင်ရန် ဘုရားသခင်၏ နှုတ်တော်ကို ခွင့်ပြုခြင်းအားဖြင့် ကျွန်ုပ်တို့သည် မှန်ကန်လူသား၊ ဘုရားသခင်၏ စစ်မှန်သော ဂုဏ်အင်္ဂါများအဖြစ် ခရစ်တော်နှင့်အတူ ဖြည့် ခြင်းခံခဲ့ရသည့် ဘုရား–လူတစ်ဦးဖြစ်လာမည်–ကော၊ ၃း၁၆–၂၅။ ဖိ၊ ၄း၅–၈။

၃။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ အုပ်စိုးနေသော ခရစ်တော်၏ ငြိမ်သက်ခြင်းကို ခွင့်ပြုမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ခရစ်တော် နှုတ်တော်ကိုဖြည့်ခြင်းခံမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် လက်တွေ့ကျသောနည်းလမ်း၌ လူသစ်ရှိလာမည်ဖြစ်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်းတစ်လျှောက်လုံး အသင်းတော်များအားလုံး၌ရှိသော သန့်ရှင်းသူများအားလုံးသည် လူသစ်တစ်ဦး၌ ခရစ်တော်ကို အသက်ရှင်လိမ့်မည် ဖြစ်သည်။

© 2019 Living Stream Ministry